# Second Sunday of Lent - B

## 1st READING: *Gn 22:1-2, 9a,10-13, 15-18*

**ကမ္ဘာဦးကျမ်း။** (၂၂ း ၁–၂၊ ၉၊ ၁၀–၁၃၊ ၁၅–၁၈ )

ထိုနောက်မှဘုရားသခင်သည်၊ အာဗြဟံကိုစုံစမ်းခြင်းငှါ၊ အာဗြဟံဟုခေါ်တော်မူ၍၊ အာဗြဟံက၊ အကျွန်ုပ်ရှိပါ၏ဟု လျှောက်လျှင်၊ သင်သည်အလွန်ချစ်သောတယောက်တည်းသောသားဣဇာက်ကိုယူ၍၊ မောရိပြည်သို့သွားလော့။ ငါပြလတံ့သောတောင်ပေါ်မှာ၊ သူ့ကိုမီးရှို့ရာယဇ်ပြု၍ပူဇော်လော့ဟုမိန့်တော်မူ၏။ ထိုသို့နှစ်ယောက်အတူသွား၍၊ ဘုရားသခင်မိန့်တော်မူသောအရပ်သို့ရောက်ကြသောအခါ၊ အာဗြဟံသည်ယဇ်ပလ္လင်ကိုတည်၍၊ ထင်းကိုခင်းပြီးလျှင်၊ သားဣဇာက်ကိုချည်နှောင်၍၊ ယဇ်ပလ္လင်၌ထင်းပေါ်မှာတင်ထား၏။ မိမိလက်ကိုဆန့်၍၊ သားကိုသတ်ခြင်းငှါ၊ ထားကို ကိုင်ယူလေ၏။ ထိုအခါ၊ ထာဝရဘုရား၏ကောင်းကင်တမန်က၊ အာဗြဟံ၊ အာဗြဟံဟုကောင်းကင်ပေါ်ကခေါ်လေ၏။ အာဗြဟံက၊ အကျွန်ုပ်ရှိပါ၏ဟုလျှောက်လျှင်၊ ထိုလုလင်ကိုမထိမခိုက်နှင့်။ အလျှင်းမပြုနှင့်။ သင်သည်ဘုရားသခင် ကိုကြောက်ရွံ့သည်ဟုယခုငါသိ၏။ အကြောင်းမူကား၊ သင်၏သား၊ သင်၌တယောက်တည်းသောသားကိုငါတောင်း၍၊ သင်သည်ငါ့ကိုမငြင်းဟုမိန့်တော်မူ၏။ ထိုအခါ အာဗြဟံသည်မျှော်ကြည့်၍၊ မိမိနောက်မှာချုံဖုတ်၌ချိုညိလျက်ရှိသော သိုးကိုမြင်လေ၏။ ထိုသိုးကိုသွား၍ယူပြီးလျှင်၊ မိမိသားကိုယ်စားမီးရှို့ရာယဇ်ပြု၍ပူဇော်လေ၏။ တဖန်ထာဝရဘုရား၏ ကောင်းကင်တမန်သည်ကောင်းကင်ပေါ်ကအာဗြဟံကိုခေါ်လျက်၊သင်သည်ဤအမှုကိုပြု၍၊သင်၏သားသင်၌တယောက်တည်း သောသားကို၊ ငါ့အားမငြင်းသောကြောင့်၊ ငါသည်သင့်အားအစဉ်အမြဲကောင်းကြီးပေးမည်။ သင်၏အမျိုးအနွယ်ကိုလည်း၊ ကောင်းကင်ကြယ် ကဲ့သို့၎င်း၊ သမုဒ္ဒရာသဲလုံးကဲ့သို့၎င်း၊ အစဉ်အမြဲပွါးများစေမည်။ သင်၏ အမျိုးအနွယ်သည် ရန်သူတို့၏ မြို့တံခါးများကိုအစိုးရလိမ့်မည်။ သင်၏အမျိုးအနွယ်အားဖြင့်၊ လူမျိုးအပေါင်းတို့သည်ကောင်းကြီးမင်္ဂလာကို ခံရကြလိမ့်မည်ဟု ငါ၏စကားကို သင်နားထောင် သောကြောင့်၊ ငါသည်ကိုယ်ကိုကိုယ်တိုင်တည်၍ ကျိန်ဆို၏ဟု ထာဝရဘုရား၏ အမိန့်တော်ကို ဆင့်ဆိုလေ၏။

**ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။**

## Responsorial Psalm *Ps 116:10, 15, 16-17, 18-19*

ဆာလံ ၁၁၅

**သံပြိုင်။ ။** ***အသက်ရှင်သောသူတို့၏နိုင်ငံတွင်ထာဝရဘုရား၏ရှေ့တော်၌ငါသည်လျှောက်လှမ်းသွားမည်။***

R. **I will walk before the Lord, in the land of the living.**

**၁။ငါသည်ဒုက္ခကြီးစွာရောက်လေပြီဟုငါပြောဆိုမိသောအခါ၌ပင်လျှင်ငါ၌ယုံကြည်ခြင်းရှိ၏ ။ထာဝရဘုရားရှေ့တော်၌ကိုယ်တော်၏သန့်ရှင်းသူတို့သေဆုံးခြင်းသည်တန်ဖိုးကြီးမားလှပေ၏ ။ (သံပြိုင်)**

I believed, even when I said, “I am greatly afflicted.” Precious in the eyes of the LORD is the death of his faithful ones.

**၂။ အိုထာဝရဘုရား၊ တပည့်တော်သည်ကိုယ်တော်၏အစေခံဖြစ်ပါ၏။ တပည့်တော်သည်ကိုယ်တော်၏အစေခံဖြစ်၍၊ ကိုယ်တော့်အစေခံမမွေးသောသားလည်းဖြစ်ပါ၏ ။ကိုယ်တော်သည်တပည့်တော်ကိုချည်နှောင်ထားသောအနှောင်အဖွဲ့တို့မှဖြေလွှတ်တော်မူပါပြီ။ တပည့်တော်သည်ကိုယ်တော်အားကျေးဇူးတော်ချီးမွမ်းရာယဇ်ကိုဆက်ကပ်ပူဇော်လျက်၊ကိုယ်တော်၏နာမတော်ကိုခေါ်တဆုတောင်းပါမည်။ (သံပြိုင်)**

O LORD, I am your servant; I am your servant, the son of your handmaid; you have loosed my bonds. To you will I offer sacrifice of thanksgiving, and I will call upon the name of the LORD.

**၃။ ကိုယ်တော်၏လူမျိုးတော်ရှေ့မျက်မှောက်တွင်ငါသည်ထာဝရဘုရားအားကတိသစ္စာပြုမည်။ အိုဂျေရုဆလင်၊ သင်၏အလယ်မှာထာဝရဘုရား၏ဗိမာန်တော်ပရဝုဏ်အတွင်းတွင်ကတိသစ္စာပြုပါမည်။ထာဝရဘုရားအားချီးမွမ်းထောမနာပြုကြလော့။ (သံပြိုင်)**

My vows to the LORD I will pay in the presence of all his people, In the courts of the house of the LORD, in your midst, O Jerusalem.

## 2nd READING: *Rom 8:31b-34*

ရောမသြဝါဒစာ ( ၈း ၃၁–၃၄)

**သို့ဖြစ်၍ဤအရာများတို့၌ငါတို့သည်မည်သို့ဆိုရအံ့နည်း။ဘုရားသခင်သည်ငါတို့ဖက်၌ရှိတော်မူလျှင်မည်သူသည်ငါတို့ကိုဆန့်ကျင်နိုင်မည်နည်း။မိမိ၏သားတော်ရင်းကိုပင်နှမြောတွန့်တိုခြင်းမရှိဘဲငါတို့အားလုံးအတွက်စွန့်တော်မူသောသူသည်သားတော်နှင့်တကွခပ်သိမ်းသောအရာတို့ကိုငါတို့အားမပေးဘဲနေတော်မူမည်လော။ဘုရားသခင်ရွေးချယ်ထားတော်မူသောသူတို့ကိုမည်သူသည်စွပ်စွဲအပြစ်တင်မည်နည်း။ဖြောင့်မတ်ရာ၌ရောက်စေသောသူကားဘုရားသခင်ကိုယ်တော်တိုင်ပင်ဖြစ်တော်မူ၏။မည်သူသည်သူတို့အားအပြစ်စီရင်နိုင်သနည်း။အသေခံတော်မူသည်သာမကသေခြင်းမှရှင်ပြန်ထမြောက်ပြီးဘုရားသခင်၏လက်ယာတော်ဘက်တွင်ထိုင်တော်မူ၍ငါတို့အတွက်ဆုတောင်းပေးသောခရစ်တော်သည်စီရင်မည်လော။**

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## GOSPEL: *Mark 9:2-10*

### ရှင်မာကုဧဝံဂေလိကျမ်း။ ၉း၂–၁၀

ခြောက်ရက်လွန်သောအခါ၊သခင်ယေရှုသည်ပေတရု၊ယာကုပ်နှင့်ယောဟန်တို့ကိုမြင့်သောတောင်ပေါ်သို့မိမိနှင့်အတူခေါ်သွားတော်မူ၏ ။ကိုယ်တော်သည်သူတို့ရှေ့၌ပင်အဆင်းသဏ္ဍာန်ပြောင်းလဲတော်မူ၏ ။ကိုယ်တော်၏အဝတ်တော်များသည်ထွန်းလင်းတောက်ပ၍အလွန်ဖြူဖွေးလှ၏ ။ဤကဲ့သို့ဖြူစေခြင်းငှာကမ္ဘာမြေကြီးပေါ်ရှိမည်သည့်အရာသည်မျှမတတ်နိုင်ချေ ။ထိုခဏ၌ဧလိယနှင့်မိုးဇက်တို့သည်သူတို့ရှေ့တွင်ပေါ်လာ၍သခင်ယေရှုနှင့်စကားပြောနေကြ၏ ။ထိုအခါပေတရုကအရှင်ဘုရား၊ဤအရပ်သည်ကျွန်ုပ်တို့အတွက်နေစရာအလွန်ကောင်းပါ၏ ။ကိုယ်တော့်အတွက်တဲတစ်ဆောင်၊မိုးဇက်အတွက်တဲတစ်ဆောင်၊ဧလိယအတွက်တဲတစ်ဆောင်၊တဲသုံးဆောင်ဆောက်ကြပါစို့ဟုသခင်ယေရှုအားလျှောက်ထားလေ၏ ။အကြောင်းမူကား၊တပည့်တော်တို့သည်အလွန်ကြောက်ရွံ့တုန်လှုပ်နေကြသောကြောင့်ပေတရုသည်မည်သည့်အရာကိုသူပြောမှန်းသူမသိချေ။ထိုအခါမိုးတိမ်သည်သူတို့ကိုဖုံးလွှမ်း၍မိုးတိမ်ထဲမှအသံလာသည်ကား၊ဤသူသည်ငါအလွန်နှစ်သက်မြတ်နိုးရာငါ၏ချစ်သားပေတည်း။သူ့ကိုနားထောင်ကြလောဟုဆိုသတည်း၊တပည့်တော်တို့သည်ရုတ်တရက်မိမိတို့ပတ်လည်သို့လှည့်ကြည့်ကြသောအခါ၊မိမိတို့နှင့်အတူသခင်ယေရှုတစ်ပါးတည်းသာရှိ၍အခြားမည်သူကိုမျှမမြင်ကြတော့ချေ။သူတို့သည်တောင်ပေါ်မှဆင်းလာကြသောအခါ၊ကိုယ်တော်ကလူ့သားသည်သေခြင်းမှထမြောက်သည့်အချိန်တိုင်အောင်သူတို့ယခုမြင်ခဲ့ရသောအရာများကိုမည်သူ့အားမျှမပြောပြကြရန်သူတို့အားတားမြစ်တော်မူ၏ ။တပည့်တော်တို့သည်လည်းဤအကြောင်းကိုမိမိတို့စိတ်တွင်း၌သာထား၍၊သေခြင်းမှရှင်ပြန်ထမြောက်ခြင်းဆိုသည်မှာမည်သည့်အရာကိုဆိုလိုသနည်းဟုအချင်းချင်းပြောဆိုမေးမြန်းကြ၏ ။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။